**သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးတွင် လစ်လပ်လျက်ရှိသော စာရင်းကိုင်(၄)ရာထူးနှင့် အငယ်တန်းစာရေးရာထူး နေရာများတွင် ခန့်ထားရန်အတွက် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေ့ရက်၊ အချိန်၊ နေရာနှင့် ခုံအမှတ်များ ကြေညာခြင်း**

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၌ လစ်လပ်လျက်ရှိသော **စာရင်းကိုင်(၄)နှင့် အငယ်တန်းစာရေး (လစာနှုန်း ကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)**ရာထူးနေရာများအတွက်ရေးဖြေစာမေးပွဲကို သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းတွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| စဉ် | ဘာသာရပ် | ဖြေဆိုမည့်ရက် | အချိန် |
|---|---|---|---|
| ၁ | အထွေထွေဗဟုသုတ | ၉-၁၀-၂၀၂၅ | ၀၉ : ၀၀ နာရီမှ ၁၁ : ၀၀ နာရီအထိ |

၂။ စာရင်းကိုင်(၄)နှင့် အငယ်တန်းစာရေး ရာထူးနေရာများအတွက် လျှောက်ထားသူများ၏ ရေးဖြေ စာမေးပွဲဖြေဆိုရန် ခုံအမှတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ခုံအမှတ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|
| **(က) စာရင်းကိုင်(၄)** | | | |
| ၁ | စရက-၁ | ဒေါ်နှင်းဝတ်ရည် | ၉/ဥတသ(နိုင်)၀၁၂၂၇၇ |
| ၂ | စရက-၂ | ဒေါ်ဆုဇာလွင်ထက် | ၉/ဇယသ(နိုင်)၀၁၈၅၅၀ |
| **(ခ) အငယ်တန်းစာရေး** | | | |
| ၁ | ငယ်/ရေး-၁ | ဒေါ်ကေခိုင်ဦး | ၉/ရမသ(နိုင်)၂၆၂၇၄၆ |
| ၂ | ငယ်/ရေး-၂ | ဒေါ်ပြည့်စုံငြိမ်း | ၉/ရမသ(နိုင်)၂၃၇၃၃၂ |

၃။ စာရင်းကိုင်(၄)နှင့် အငယ်တန်းစာရေး ရာထူးနေရာများအတွက် လျှောက်ထားသူများသည် ဖြေဆိုမည့်နေ့မတိုင်မီ တစ်ရက်ကြိုတင်၍ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စီမံခန့်ခွဲရေးဌာနခွဲသို့ သတင်းပေးပို့ရန်နှင့် စာမေးပွဲဖြေဆိုမည့်နေ့တွင် နံနက် (၀၈ : ၃၀)နာရီအရောက် ဖြေဆိုမည့်နေရာသို့ တစ်ဖက်ဖော်ပြပါ စာရွက်စာတမ်း(မူရင်း)များယူဆောင်၍ သတင်းပို့ရမည်ဖြစ်ပြီး (၀၉ : ၃၀) နာရီထက်နောက်ကျ၍ ရောက်ရှိလာသူများနှင့် စာရွက်စာတမ်း(မူရင်း)မတင်ပြနိုင်သူများကို စာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ပါ-

(က) ဘွဲ့လက်မှတ်(မူရင်း)နှင့် ကွန်ပျူတာအခြေခံသင်တန်းအောင်လက်မှတ်(မူရင်း)

( ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)

( ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၆)လအတွင်း သက်ဆိုင်ရာနယ်မြေရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု/မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)

( င) ပြင်ပမှလျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)

( စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်(မူရင်း)

၄။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရောက်ရာတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်။ ရေးဖြေစာမေးပွဲအမှတ်အများဆုံးရရှိသူများကို ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို ဆက်လက်ထုတ်ပြန်သွားပါမည်။

၅။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၅၄၀၃၊ ၀၆၇-၃၄၀၅၁၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သစ်တောဦးစီးဌာန**